# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ပထမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ရက်စွဲပါကြေညာချက်အမှတ် (၁/၂၀၁၄) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦး အစားထိုးပြောင်းလဲထားရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦး (ကြည်း ၂၅၅၀၄ ဒုတိယဗိုလ်မှူးကြီး ဒေါ်စိုးစိုးမြင့်၊ ကြည်း ၂၆၀၇၀ ဒုတိယဗိုလ်မှူးကြီး ဒေါ်စန်းသီတာခင်၊ ကြည်း ၃၁၅၈၅ ဗိုလ်မှူး ဆွေလင်းမြင့်၊ ကြည်း ၃၂၄၀၂ ဗိုလ်မှူးတင့်လွင်)အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့ နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိက ကျွန်ုပ်လို့ပြောတဲ့အခါမှာ မိမိရဲ့ကိုယ်ပိုင်နံပါတ်၊ အဆင့် တွေကိုဆက်လက်ဆိုသွားဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကတိပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၄ ဦး က ကတိသစ္စာပြုပါသည်။]

“ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့် သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ

အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာကတိသစ္စာပြုပါသည်။”

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ် ၄ ဦးဟာ မိမိအတွက် သတ်မှတ်ထား တဲ့နေရာသို့ ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေး ထိုး၍ အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ စုစုပေါင်းရဲ့ ၉၀.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၃-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၈၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၉ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၃ ရက်၊

(၂) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၅ ရက်၊

(၃) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၄) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၆) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၇) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌွေး ခွင့် ၅ ရက်၊

(၈) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၃ ရက်၊

(၁၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၅ ရက်၊

(၁၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၁၃) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၁၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၁၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၁၆) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၅ ရက်၊

(၁၇) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၂ ရက်၊

(၁၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၂ ရက်၊

(၁၉) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၂၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၂၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၂၃) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်း ခွင့် ၁ ရက်၊

(၂၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၂၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၇) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁၉ ရက်၊

(၂၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၂၉) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် ခွင့် ၁၆ ရက်၊

(၃၀) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၁) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း ခွင့် ၅ ရက်၊

(၃၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၃) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ) ဦးတင်ဋ္ဌေးအောင် ခွင့် ၁ ရက်၊

(၃၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၃၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၃၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁၉ ရက်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မိုးအောင် ခွင့် ၁၂ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးမင်းအေး ခွင့် ၁၂ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနွေဦး ခွင့် ၁၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၃၉ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နှစ်သစ်မှာမင်္ဂလာပါ။ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာပြည့်စုံကြပါစေ။ ကျန်းမာရွှင်လန်းစွာဖြင့် နှစ်သစ်မှာပြန်လည်တွေ့ဆုံရလို့ ဝမ်းမြောက်ဝမ်းသာရှိရပါတယ်။ နှစ်လကြာ လွှတ်တော်ရပ်နားထားပေမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကတော့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နယ်မြေဒေသသို့ကွင်းဆင်းပြီး ဖွံ့ဖြိုးရေးရန်ပုံငွေကို သတ်မှတ်ထားတဲ့ ဘဏ္ဍာရေးနှစ်အတွင်းမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူများရဲ့လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းကဖြည့်ဆည်းကာ ပြည်သူများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်နေကြတာဖြစ်လို့ ကိုယ်စားလှယ်များရဲ့ ကောင်းမြတ်သောလုပ်ဆောင်မှုများကိုလည်း ချီးကျူးဂုဏ်ပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင် အချို့ကိုယ်စားလှယ်များကလည်း ပြည်သူ့အကျိုးမှန်ကန်စွာဆောင်ရွက်နိုင်ဖို့ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့တာတွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာနယ်မြေမှ ပြည်သူလူထုအကျိုးကိုထိထိရောက်ရောက်ဖော်ဆောင်ပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုပြီးဖြစ်သော ဖွံ့ဖြိုးရေးရန်ပုံငွေများကို သတ်မှတ်ကာလအတွင်း စနစ်တကျအသုံးပြုနိုင်ရေးအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်၍ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယခုအခါ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးငွေစာရင်းဥပဒေအပါအဝင် အခြားအရေးကြီး ဥပဒေများကို အတည်ပြုပြဋ္ဌာန်းရမည်ဖြစ်တဲ့အတွက် စိတ်ကောင်းစေတနာများထားရှိကာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးရှေးရှု၍ အလေးဂရုပြုဆောင်ရွက်နိုင်ကြပါစေလို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ဖွင့်လှစ်ချိန်တွင် ဆန္ဒပြုရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။

# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဋ္ဌမပုံမှန် အစည်းအဝေးနှင့် နဝမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါခရီးစဉ်များကိုသွားရောက်ခဲ့ပါတယ်-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၃ ရက်မှ ၃-၁၂-၂၀၁၃ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၆-၁၂-၂၀၁၃ ရက်မှ ၂၂-၁၂-၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၇-၁၂-၂၀၁၃ ရက်မှ ၁၉-၁၂-၂၀၁၃ ရက်နေ့အထိ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေနိုင်ငံများသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၈-၁၁-၂၀၁၃ မှ ၂၀-၁၁-၂၀၁၃ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ ညီလာခံတက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၈-၁၁-၂၀၁၃ မှ ၂၃-၁၁-၂၀၁၃ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ (၁၁) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသအတွင်း AIDS နှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၁-၁၁-၂၀၁၃ မှ ၂၃-၁၁-၂၀၁၃ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ အာဆီယံပါလီမန်အစည်းအဝေး တက်ရောက်ရန်သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၅-၁၁-၂၀၁၃ မှ ၂၉-၁၁-၂၀၁၃ ရက်နေ့အထိ ပနားမားစီးတီးနိုင်ငံသို့ GOPAC ဖိုရမ်တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၅-၁၁-၂၀၁၃ မှ ၂၉-၁၁-၂၀၁၃ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး၏ ၂၆-၁၁-၂၀၁၃ မှ ၂၇-၁၁-၂၀၁၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလုံးဆိုင်ရာ ပညာရေးဆွေးနွေးပွဲ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ည) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁-၁၂-၂၀၁၃ မှ ၁၃-၁၂-၂၀၁၃ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဋ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၀-၁၂-၂၀၁၃ မှ ၁၂-၁၂-၂၀၁၃ ရက်နေ့အထိ ဗြိတိန်နိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရပ်နားစဉ်ကာလအတွင်း နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာနှစ်စောင်လက်ခံရရှိခဲ့ပါတယ်။

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးအဖွဲ့ဝင် ဦးမြင့်လွင်သည် ကွယ်လွန်သွားပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦး၏ အမည်စာရင်းအား ရွေးချယ်ပေးပို့ပါရန်သဝဏ်လွှာ၊

(ခ) ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးက လူငယ်အချို့ ကော်ရှူသုံးစွဲခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက မည်သို့ကာကွယ်တားဆီးဟန့်တား၍ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည့် အခြေအနေမရှိလျှင် သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေထွက်ပေါ်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်ရှိ/မရှိ မေးမြန်းမှုနှင့် စပ်လျဉ်းသည့် သဝဏ်လွှာ။

## ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခွင့် ပြုခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီတွင် လစ်လပ်နေသည့် အဖွဲ့ဝင်နေရာ၌ ဖြည့်စွက်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးခင်စိုး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုကြောင်း အသိပေးပါတယ်။ ထို့အပြင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းအား လွှတ်တော်အခွင့်အရေးကော်မတီရဲ့ လစ်လပ်သောနေရာတွင် ဖြည့်စွက်ဖွဲ့စည်းလိုက်ကြောင်း အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေအရ လျှောက်ထားချက်များ အားအချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်လျှောက်ထားရာမှာ ဥပဒေနှင့်နည်းဥပဒေ များအရ လိုအပ်ချက်များကို ပြည့်စုံစွာ တင်ပြလျှောက်အချိန်မီလျှောက်ထားစေကာမူ ခွင့်ပြုမိန့်မကျ သဖြင့် ပြည်သူလူထုများ ဒီမိုကရေစီအခွင့်အရေးများ များစွာနစ်နာနေကြောင်း တွေ့ရှိနေရပါတယ်။ အဲ့ဒီအခွင့်အရေးများရရှိနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ အရ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရဟု ပြဋ္ဌာန်းချက်လည်းထားရှိမည်ဖြစ်ရာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ အရ တရားစွဲဆိုခံရခြင်း၊ ထောင်ဒဏ်/ငွေဒဏ်များချမှတ်ခံရခြင်း စသဖြင့် ဒီမိုကရေစီ အခွင့်အရေးများကို တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို ချိုးဖောက်ခြင်းမရှိဘဲ ခွင့်ပြုချက်ရယူမှုမရှိသဖြင့် ပြစ်ဒဏ်များကျခံနေရပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃၊ ၃၅၄ တို့အရ လိုအပ်သောအခွင့်အရေးများကို ဥပဒေနှင့်အညီ ပြည့်ဝစွာရရှိစေရန်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများအရ လျှောက်ထား သောလျှောက်ထားချက်များဟာ ဥပဒေနှင့်ညီညွတ်ပါက အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုမိန့်ချပေးနိုင်ခြင်း ရှိ/မရှိနှင့် လျှောက်ထားသည့်နေ့ရက်အတွင်း ခွင့်ပြုမိန့်မပေးနိုင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်

အရေးများမနစ်နာစေရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေအရလျှောက်ထားလာသောလျှောက်ထားချက်များကို ဥပဒေနှင့်ညီညွတ်ပါက အချိန်နှင့်တစ်ပြေးညီခွင့်ပြုမိန့်ချပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုတဲ့ နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းများက ခွင့်ပြုမိန့်ရရှိရန် ပုဒ်မခွဲ(က)မှ (စ)အထိ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်လွှာကိုသက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဒီလိုဆောင်ရွက်မယ့်နေ့ရက်မတိုင်မီ အနည်းဆုံး ငါးရက် ကြိုတင်ပြီး တင်ပြဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဲ့ဒီဥပဒေပုဒ်မ ၅ အရ မြို့နယ်ရဲတပ်ဖွဲ့မှူးက တင်ပြလျှောက်ထားချက်များကို လက်ခံရရှိပါက သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန်ငြင်းပယ်ခြင်းတို့ကို ပြုလုပ်ရပါတယ်။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးက အချက်အလက်များကို အနည်းဆုံး ငါးရက်မတိုင်မီ ကြိုတင်တင်ပြခွင့်ရှိ/မရှိ လျှောက်လွှာမှာဖော်ပြလို့ရမယ့်အချက်များ ပြည့်စုံမှုရှိ/မရှိ စိစစ်ပြီး ခွင့်ပြုမယ့်နေ့ရက်နှင့်အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်ပြီးတော့ သက်ဆိုင်ရာလျှောက်ထားသူထံကို ခွင့်ပြုချက်ထုတ်ပေးမှု သို့မဟုတ် ငြင်းပယ်မှုများကို ပြန်လည်အကြောင်းကြားပေးရမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လျှောက်ထားချက်များက ဥပဒေနှင့်ညီညွတ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးအနေနဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှောက်ထားမယ့်နေ့ ရက်အတွင်း ခွင့်ပြုမိန့်မပေးနိုင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် မနစ်နာစေရန် အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၉ မှာလည်း ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ် ခြင်းခံရခြင်းနှင့်စပ်လျဉ်း၍ အယူခံဝင်နိုင်ကြောင်းလည်း ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ ခွင့်ပြု မိန့်ထုတ်ပေးရန် ငြင်းပယ်ကြောင်းအကြောင်းကြားသည့်စာကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံကို အယူခံဝင်ရောက်နိုင်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးအား ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ယင်းအယူခံလွှာလက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်ဖြင့် ဆုံးဖြတ် ပေးရမှာဖြစ်ပါတယ်။ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက ချမှတ်ထားတဲ့ အဆုံးအဖြတ်တွေသည်သာ အပြီးအပြတ်ဖြစ်စေရမည်လို့ ဖော်ပြထားပါတယ်။

သို့ဖြစ်တဲ့အတွက် လျှောက်ထားသူရဲ့ လျှောက်လွှာပါဖြည့်စွက်ရမယ့်အချက်များ ပြည့်စုံသည့် တိုင်အောင် လျှောက်လွှာတင်တဲ့နေ့ရက်နောက်ကျပါကလည်းကောင်း၊ လျှောက်ထားတဲ့နေ့ရက်၊ စုဝေး တဲ့နေရာ၊ လှည့်လည်တဲ့နေရာများက လုံခြုံရေးအခြေအနေအရ ခွင့်ပြုနိုင်တဲ့အခြေအနေ၊ အချိန်နှင့် နေရာများမဟုတ်ခြင်း၊ ထိုနေ့ရက်အား အရေးကြီးတဲ့ကိစ္စရပ်များတွင် ဆောင်ရွက်နေရခြင်း၊ စီတန်း လှည့်လည်မှုပြုလုပ်ရတဲ့အကြောင်းက လုံခြုံရေးအမြင်အရ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးကို အနှောင့်အယှက်ပြုတဲ့ အနေအထားရှိနေခြင်းတို့ကြောင့်လည်းကောင်း တွေ့ရှိရလျှင် ခွင့်ပြုမိန့်ပေးနိုင်မယ်မဟုတ်ပါဘူး။

သို့ပေမယ့်လည်း အဲ့ဒီဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ထံခုနှစ်ရက်အတွင်း အယူခံဝင်ရောက်နိုင်ပါတယ်။ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကလည်း အယူခံလွှာ လက်ခံသည့်နေ့မှ ၁၄ ရက်အတွင်း တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ရဲ့အတည်ပြုချက်ကိုရယူပြီး ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွား ရမှာဖြစ်ပါတယ်။ ခွင့်ပြုမိန့်ထုတ်ပေးခြင်းမရှိပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ မနစ်နာစေရန်အတွက် အထက်မှာတင်ပြတဲ့အတိုင်း လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပြီး ထပ်မံ

၍နောက်တစ်ကြိမ်ပြန်လည်တင်ပြလျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် မိမိတို့ရဲ့ ယုံကြည်ချက်၊ ထင်မြင်ချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခြင်းစတဲ့ အခွင့်အရေးများကို သုံးစွဲဆောင်ရွက်နိုင်ရန်အတွက် ပြဋ္ဌာန်းထားပြီးဖြစ်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံပါအခွင့်အရေး နစ်နာဆုံးရှုံးမည် မဟုတ်ပါကြောင်းပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပါခင်ဗျား။ အခြေခံဥပဒေအရလည်းပဲ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ နည်းဥပဒေများအားဖြင့်လည်း ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အားလုံးက ဥပဒေများအရ ခွင့်ပြုထားပြီးဖြစ်နေသော ဤဥပဒေကို ခွင့်ပြုမိန့်တောင်းခံခြင်း၊ မတောင်းခံခြင်း ဆိုတာဟာ ဥပဒေရဲ့အထက်မှာ ခွင့်ပြုသူအားရောက်ရှိနေတယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့လို့ ခွင့်ပြုမိန့်အစား Register လုပ်တာရယ် Permit ရယ်နှစ်ခုရှိပါတယ်။ အဲ့တော့ မှတ်ပုံတင်ပြီးတော့ ခွင့်ပြုမိန့်ကို တောင်းစရာမလိုဘဲ၊ မှတ်ပုံတင်ပြီးမှသာလျှင် ခွင့်ပြုခြင်းကို စောင့်ဆိုင်းစရာမလိုဘဲ ဆက်လက်လုပ်ဆောင်နိုင်လျှင် ဒီမှတ်ပုံတင်ခြင်းက စည်းကမ်းဥပဒေများကို သိရှိလိုက်နာကြောင်း ကတိကဝတ်ပြုပြီးတဲ့အတွက်ကြောင့်မို့လို့ အကယ်၍ ဥပဒေအရချိုးဖောက်မှုများရှိပါက ပုဒ်မ ၁၈ ဖြင့် ထိရောက်စွာအရေးယူနိုင်မှာ ဖြစ်ပါတယ်။ ယခုအခါမှာ ဥပဒေများအရ ခွင့်ပြုသော်လည်းပဲ ဤမှာ ခွင့်ပြုချက် Permit ကို ထပ်မံတောင်းဆိုနိုင်မှုကို မသင့်လျော်ဟု ထင်မြင်ပါသဖြင့် ဤဥပဒေအား ပြန်လည် စဉ်းစားနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေကြားနိုင်က သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကိုတော့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၅) အရ ကျွန်တော်တို့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးတဲ့အချက်နှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စု

လွှတ်တော်ဥပဒေအရ အတည်ပြုထားတဲ့ ဥပဒေဖြစ်တဲ့အတွက် ပြည်ထောင်စုဥပဒေအရပဲ ပြင်ဆင်ပြဋ္ဌာန်းမယ်ဆိုရင် ဒီဥပဒေအတိုင်းပဲ ကျွန်တော်တို့ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြလိုပါတယ်။

**နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြုပြင်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့အကျိုးအတွက် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလက တင်သွင်းခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ အဲ့ဒီအချိန်ကာလတုန်းက တရားဥပဒေစိုးမိုးရေးရဲ့အနေအထားဟာ အဆုံးအစွန်ဘက်ကိုစတင်ရွေ့နေတဲ့အနေအထားပဲ ပြောရမှာဖြစ်ပါတယ်။ ယနေ့မေးခွင့်ပြုတဲ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာတော့ တရားဥပဒေစိုးမိုးရေး အနေအထားဟာ အဆုံးအစွန်ကာနီးရောက်နေပြီးဖြစ်တဲ့အတွက် အခုလိုမေးမြန်းခွင့်ပြုခြင်းဟာ အချိန်မီလိမ့်မယ်လို့ထင်တဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို သွားမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးဟာမရှိမဖြစ်လိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရှိမှ တည်ငြိမ်အေးချမ်းမှုရမှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီးတော့ အမှန်တကယ် ဒီမိုကရေစီနိုင်ငံကိုသွားနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်လို့ ဥပမာအနေနဲ့ အချက်တစ်ချက် ထုတ်နှုတ်တင်ပြလိုပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်မှာ လယ်ယာမြေအငြင်းပွားမှုများစွာဖြစ်ပေါ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ကော်မရှင်ဖွဲ့ပြီးတော့ အစိုးရအဖွဲ့အစည်းကို စုံစမ်းစစ်ဆေးတွေ့ရှိချက်များပေးပို့ပြီး ဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ လယ်ယာမြေသိမ်းဆည်းခံရစဉ်က လျော်ကြေးပေးသင့်တဲ့ လယ်မြေတွေကို လျော်ကြေးပေးမယ်။

စီမံကိန်းနဲ့မသုံးရသေးတဲ့ ပလပ်မြေတွေကို မူလပိုင်ရှင်ကို ပြန်ပေးလိုက်မယ်ဆိုရင် ဒီပြဿနာအေးချမ်းသွားမှာဖြစ်ပါတယ်။ လယ်ယာမြေကိစ္စဖြေရှင်းပေးနိုင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်းဝင်လာမှာဖြစ်ပါတယ်။ ယနေ့ဒီကိစ္စကို မကိုင်တွယ်နိုင်တဲ့အတွက်ကြောင့် လူမစည်ကားသင့်တဲ့ တရားရုံးတွေ၊ ရဲစခန်းတွေမှာ စည်ကားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီ့အပြင် ဆုံးရှုံးသွားတဲ့လယ်သမားတွေက သူတို့လျော်ကြေးနဲ့ မြေပြန်လည်ရရှိဖို့စောင့်ဆိုင်းနေတဲ့အချိန်မှာ ပွဲလန့်တုန်းဖျာခင်းတဲ့အနေနဲ့ ပွဲစားများနှင့် ဝန်ထမ်းအချို့ပေါင်းပြီးတော့ မြေဂရန်တွေ၊ ပါမစ်တွေချနေတာတွေ တချို့ အသင်းအဖွဲ့တွေကို အကာအကွယ်ယူပြီးတော့ ကျူးကျော်တဲတွေ ထောင်နဲ့ချီဆောက်နေကြတာတွေ ဒါတွေကို ပြည်သူလူထုကမကြိုက်ပါဘူး။ ပြည်သူဟာ အေးချမ်းသာယာစွာနဲ့ နေလိုတဲ့အတွက်ကြောင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရဖို့ မျှော်လင့်နေကြတာဖြစ်ပါတယ်။ အလားတူပဲ ဆိုင်ကယ်မစီးရဘူးလို့သတ်မှတ်ထားတဲ့ဒေသတွေမှာ ဆိုင်ကယ်ဖမ်းလို့ ရဲတပ်ဖွဲ့ဝင် ၃ ဦးကို ဓါးနဲ့ထိုးတဲ့ဖြစ်စဉ်တွေ၊ ရွှေရောင်းတဲ့လူတွေက ရွှေဖောက်ထွင်းမှာစိုးလို့ မရောင်းရဲတော့တဲ့ဖြစ်စဉ်တွေ ဒါတွေဟာ တရားဥပဒေစိုးမိုးမှုလျော့နည်းလာခြင်းကို ဖော်ညွှန်းနေတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံတော်ကို တကယ်သွားမယ်ဆိုရင် အစိုးရတာဝန်ရှိသူတွေက ဒီမိုကရေစီကျင့်စဉ် စံနှုန်းတွေကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကိုသော်လည်းကောင်း မထိခိုက်စေဘဲနဲ့ တည်ဆဲဥပဒေများနှင့်အညီ ကျစ်ကျစ်လျစ်လျစ်နှင့်ရဲရဲဝံ့ဝံ့နဲ့ ဖြေရှင်းသင့်တာတွေကို ဖြေရှင်းပေးပို့အချိန်တန်ပြီဖြစ်ပါတယ်။ အလားတူပဲ ပြည်သူများဘက်ကလည်း အေးချမ်းစွာနဲ့ ဒီမိုကရေစီနိုင်ငံအသွင်ကူးပြောင်းနိုင်အောင်တည်ဆဲ ဥပဒေများနှင့်အညီလှုပ်ရှားကြမယ်။ ၁၉၄၇ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ခုနှစ် ဒီကာလ ၃ ပါးထဲမှာ လည်နေပြီးတော့ အနာဂတ်မြန်မာနိုင်ငံတော်ကို မမျှော်မှန်းဘူးဆိုရင် တိုင်းပြည်အတွက် ရင်လေးဖွယ်ဖြစ်ပါတယ်။ အဆုံးစွန်ဘက်ကိုရောက်သွားတဲ့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံများဖြစ်တဲ့ ယနေ့ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ ဒါတွေဟာ သင်ခန်းစာတွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ ပြုပြင်ပြောင်းလဲမှုများ မည်သို့ပင်ဆောင်ရွက်စေကာမူ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်း၊ လျော့နည်းခြင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်မှာ ၂၀၁၀ မတိုင်မီကာလနှင့် နှိုင်းယှဉ်သုံးသပ်ရင် ကဏ္ဍာအသီးသီးမှာ တရားဥပဒေစိုးမိုးမှုပျောက်ကွယ်လုမတက်ဖြစ်ပေါ်နေပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စများ ရင်လေးဖွယ်ဖြစ်နေတာတွေ့ရမှာဖြစ်ပါတယ်။ ထိုသို့သော အခြေအနေများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်

လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်လည်းကောင်း၊ တိုင်းပြည်မှာမရှိသကဲ့သို့ ပြည်သူလူထုက ထင်မှတ်နေပါတယ်။ ဒီမိုကရေစီဟာ အပြောလွယ်ပြီးတော့ အလုပ်ခက်ပါတယ်။ ဂျာနယ်တွေမှာပြောနေသလို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ လွယ်လွယ်ကူကူနဲ့ဖော်ဆောင်ဖို့အတွက်ခက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီနိုင်ငံအသစ်သာ စတင်ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ ကြားဖူးနားဝရှိတဲ့ အခြားဝါရင့် ဒီမိုကရေစီနိုင်ငံအဖြစ်ကိုအတင်း အဓမ္မသွပ်သွင်းလိုက်မယ်ဆိုရင် ဒီမိုကရေစီပျက်သုန်းသွားဖွယ် မြင်တွေ့နေရပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့ နံပါတ်(၁)မေးခွန်းက နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးနဲ့တည်ငြိမ်အေးချမ်းရေးအတွက် အခုအတိုင်းပဲ ဆက်ပြီးသွားနေမှာလား။ မေးခွန်းနံပါတ်(၂)အနေနဲ့ ပြုပြင်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလား။ မေးခွန်း(၃)အနေနဲ့ ထင်သာမြင်သာတဲ့ ဘယ်အချိန်မှာ စတင်ဆောင်ရွက်ပါမလဲ။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ကပဲဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်ကစပြီးတော့ ပြည်သူများရွေးချယ်တင်မြှောက် ဖွဲ့စည်းထားတဲ့နိုင်ငံတော်အစိုးရသစ်က ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီစစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ ပြည်သူများရဲ့ ဆန္ဒသဘောထားနှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ရေး၊ ဒီမိုကရေစီကျင့်စဉ်ထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးယန္တရား သွက်လက်ရေးရည်မှန်းချက်များဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးဟာ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုအပေါ်မှာ အခြေခံပါတယ်။ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုရှိစေရန်နဲ့ အခြေခံကောင်းများဖြစ်ပေါ်စေရန် ဥပဒေပြုပြင်ဌာန်း

ရတဲ့ လွှတ်တော်အသီးသီး အဲ့ဒီပြဋ္ဌာန်းထားရှိတဲ့ ဥပဒေများကို ကိုင်တွယ်ကျင့်သုံးရတဲ့ ဝန်ကြီးဌာန အသီးသီးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် စီရင်ဆုံးဖြတ်ရတဲ့ တရားလွှတ်တော်အသီးသီးတို့က ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့ကို ယခင်ကထက် ပိုမိုကောင်းမွန်စေရန် တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသစ်က စတင်တာဝန်ယူစဥ်ကတည်းက နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ အစိုးရနဲ့ ပြည်သူအကြား ပွင့်လင်းမြင်သာမှုရှိပြီး ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ အုပ်ချုပ်ရေးစနစ်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အနှောင့်အယှက် အဟန့်အတားမဖြစ်စေရေးနဲ့ ယခင်ကထက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက်ကို ဒုတိယသမ္မတ ဦးညဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အဖွဲ့ဝင် ၉ ဦးပါဝင်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အဖွဲ့ဝင် ၉ ဦးပါတဲ့ အရေးပေါ်ကာလ စီမံခန့်ခွဲမှု ဗဟိုကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီက လုပ်ငန်းတာဝန်များကို ပြည်သူကိုဗဟိုပြုတဲ့စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာလည်း အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့ရဲ့အသက်၊ အိုးအိမ်စည်းစိမ်များ လုံခြုံမှုအပြည့်အဝရှိစေရေးတို့အတွက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အုပ်ချုပ်မှုစနစ် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ အုပ်ချုပ်သူနှင့် ပြည်သူများအကြား ပွင့်လင်းမြင်သာမှုရှိသော အုပ်ချုပ်မှုစနစ်ကောင်းများ ပေါ်ထွန်းလာစေရေးတို့ကို အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်လို့ ဥပဒေကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်သော အဖွဲ့အစည်းများဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်

ချုပ်နဲ့ အဆင့်ဆင့်သောတရားရုံးများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ အဆင့်ဆင့်သော ဥပဒေရုံးများ ကလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပါတယ်။

နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများမှာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက်ကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ယခင်ကထက် တရားဥပဒေစိုးမိုး ရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေးတို့ကို ပိုမိုဖြစ်ထွန်းလာစေရန် ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်း ဦးစီးဌာနနဲ့ မီးသတ်ဦးစီးဌာနများမှာ ပြုပြင်ပြောင်းလဲမှုများနှင့် တိုးချဲ့ဖွဲ့စည်းမှုများကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့ ရုံးလုပ်ငန်းစနစ်ကိုလည်း ပြည်သူကိုဗဟိုပြုတဲ့ ရဲလုပ်ငန်းစနစ် ဖြင့်ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ မူဝါဒနှင့်အညီ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက် ၄ ရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါ တယ်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၉၊ ၂၈၈၊ ၂၈၉ တို့နှင့်အညီ အုပ်ချုပ်မှုအာဏာများကိုလည်း ပြည်နယ်/တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များကို လွှဲပြောင်းဆောင်ရွက်ခြင်း၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်တို့ရဲ့အုပ်ချုပ်ရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို တာဝန်ပေးဆောင်ရွက်စေခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီခန့်အပ်တာဝန်ပေးအပ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကိုင်တွယ်ကျင့်သုံး လျက်ရှိတဲ့ ဥပဒေ၊ နည်းဥပဒေများအနက် ခေတ်နှင့်လျော်ညီခြင်းမရှိတဲ့ဥပဒေများကို ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ခေတ်စနစ်နဲ့လျော်ညီတဲ့ ရပ်ကွက်/သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို အသစ်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းဆောင် ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက်ကို အုပ်ချုပ်ရေးကဏ္ဍ ပိုမိုအင်အားခိုင်မာစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဒုတိယတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယခရိုင်

အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေးအပ်ပြီး ခရိုင်နဲ့မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကိုလည်း ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံအကျဆုံးဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကိုလည်း ဥပဒေနှင့်အညီ ရွေးချယ်ခန့်အပ်ပြီး ရပ်ကွက်/သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများကိုလည်းဖွင့်လှစ်ပြီး လေ့ကျင့်တာဝန်ထမ်းဆောင်စေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနဲ့ အကျဉ်းဦးစီးဌာနများကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်တိုးချဲ့ဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းဦးစီးဌာနဖွဲ့စည်းမှုများကိုလည်း ခေတ်စနစ်နဲ့လိုက်လျောညီထွေမှုရှိစေရန်အတွက် ပြင်ဆင်ဖွဲ့စည်းခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အကျဉ်းထောင်များရဲ့ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ဥပဒေများကို ခေတ်စနစ်နဲ့အညီလိုက်လျောညီထွေမှုရှိစေရေးအတွက် ILO၊ ICRC ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၄ မှာ နိုင်ငံသားတိုင်းဟာ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်ဆိုပြီး နိုင်ငံသားများရဲ့တာဝန်များကို ပြဋ္ဌာန်းထားပါတယ်။ ယခင်ကပြည်သူလူထုမှ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို သိရှိနားလည်မှုလိုက်နာမှုအားနည်းသကဲ့သို့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ရဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းလို့ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့မှုများမရှိခဲ့တဲ့အတွက် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။ သို့ဖြစ်တဲ့အတွက် ပြည်သူလူထုအနေဖြင့် ထုတ်ပြန်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်နဲ့ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်၊ လိုက်နာပူးပေါင်းဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဥ်များ အောင်မြင်နိုင်မှာဖြစ်လို့မှုခင်းနှင့် ဥပဒေအသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်များမှာ ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးဟောပြောမှုများကို လည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်သူများပူးပေါင်းပါဝင်တဲ့ ပြည်သူ့ဗဟို ပြုအုပ်ချုပ်မှုစနစ်သစ်ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူလူထုကို အသိ ပေးရန်လိုအပ်ပါက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်သူများထံကို အချိန်နှင့်တစ်ပြေးညီ ချပြရှင်းလင်းပြီး ပွင့်လင်းမြင်သာမှုရှိစေရန်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တရားဥပဒေ စိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ပြုပြင်ပြောင်းလဲမှု အစီအမံများကိုလည်း ဟန်ချက်ညီညီ ပြုပြင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေကြားသွားတာအားလုံးလက်ခံပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းက တရားဥပဒေစိုးမိုးရေးအတွက် အနာဂါတ်ဘယ်လိုလုပ်မလဲဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ အခုကျွန်တော်က မေးခွန်းဆက် မေးမှာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းလိုတာကတော့ သက်ဆိုင်ရာ အစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်မှာတကယ်ဖြစ်ပျက်နေတဲ့ အောက်ခြေမှာ တရားဥပဒေစိုးမိုးမှုကင်းမဲ့ နေတာတွေကို မျက်ဝါးထင်ထင်တွေ့မြင်အောင် လေ့လာပြီးတော့ လက်တွေ့ကျကျဖြေရှင်းပေးဖို့လိုပါ တယ်။ ခုနက ကျွန်တော်ထုတ်နှုတ်တင်ပြသွားတဲ့ သာဓကများသည် အနည်းအကျဉ်းမျှသာ ဖြစ်ပါတယ်။ အချိန်အနေအထားအရ တင်ပြနိုင်ခြင်းမရှိပါဘူး။ သို့သော် အမှန်တကယ်ကို အပြင်မှာ တရားဥပဒေ စိုးမိုးမှု၊ ကင်းမဲ့မှုလုပ်ရပ်တွေများစွာ ဖြစ်ပေါ်နေပါတယ်။ ဒီမိုကရေစီအတွက် ပြည်သူလူထုကို ဒီမိုကရေစီနည်းလမ်းမမှန်တဲ့၊ စံနှုန်းမမှန်တဲ့အခွင့်အရေးပေးသလို တစ်ဖက်ကလည်း ထိထိရောက် ရောက်နဲ့ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ရဲ့အနာဂတ်ကောင်းမှာ ဖြစ်ပါတယ်။ နို့မို့ဆိုရင် ကျွန်တော် မူလတင်ပြသွားတဲ့ တရားဥပဒေစိုးမိုးမှုရဲ့ အဆုံးစွန်မှတ်ကိုရောက်လျှင် တိုင်းပြည်အတွက် ဆုံးရှုံးမှုတွေ များစွာဖြစ်ပေါ်လာနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အရေးပေါ်ကုသမှုနှင့် အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ရေးအစီအစဉ်နှင့် လူနာတင်ယာဉ် အပေါ် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များပါသော Emergency Medical Service System သို့မဟုတ် EMS Law ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ အရေးပေါ်လူနာများအား အချိန်မီအသက်ကယ်တင်နိုင်ရေးအတွက် စနစ်တကျဖွဲ့စည်းထားသောလူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေးနှင့် လူနာများ၏အခွင့်အရေး လူနာတင်ယာဉ်နှင့် လိုက်ပါတာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များ၊ ကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲနှင့် ပြဿနာများအတွက် အရေးပေါ်ဆေးကုသရေးလုပ်ငန်းအစီအစဉ် Emergency Medical Service System (EMS System) နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာပေါ်မှာတိုးတက်နေတဲ့လူဦးရေ၊ စက်မှုလုပ်ငန်းနှင့် ယာဉ်အန္တရာယ်တွေ အရေးပေါ်ကျန်းမာရေးပြဿနာတွေ၊ ကူးစက်ရောဂါနှင့် သဘာဝဘေးတွေ၊ စစ်ပွဲများနှင့် အကြမ်းဖက်မှုတွေကြောင့် ယနေ့ နေ့စဉ်နှင့်အမျှ လူများသေကြေဒဏ်ရာရလျက်ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဒီပြဿနာတွေလည်းရှိနေပြီး ကြုံတွေ့ရမှာလည်းပဲ မလွဲဘူးလို့ထင်ပါတယ်။ မကြာခင်ကာလမှ အသုံးပြုခဲ့တဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာတောင်မှ ၂၀၀၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၂၁၆ ဦးသေဆုံးခဲ့ပြီးတော့ ၆၇၈ ဦး ဒဏ်ရာရခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နာဂစ်လိုသဘာဝဘေးမှာဆိုရင်လည်းပဲ သိန်းနဲ့ချီပြီးတော့ ပျက်ဆီးခဲ့တယ်ဆိုတာလည်းပဲ သိခဲ့ရပါတယ်။ ပြင်းထန်တဲ့ဒဏ်ရာရသူနဲ့ ရောဂါပြင်းထန်နေတဲ့လူနာတစ်ယောက်အတွက်တော့ အရေးအကြီးဆုံးကတော့ အရေးပေါ်ကုသခံယူပြီးတော့ နီးစပ်ရာဆေးရုံကို အချိန်မီရောက်ရှိရေးပဲဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်မှာ ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ်လူနာဌာန သုတေသနပြုချက်အရ အရေးပေါ်ဌာနသို့ လာရောက်ပြသတဲ့လူနာတွေရဲ့ ၃ ရာခိုင်နှုန်းသာ

ဆေးရုံကိုလူနာတင်ယာဉ်နဲ့ လာရောက်နိုင်ပြီးတော့ မလိုအပ်ဘဲနဲ့ရောဂါပိုမိုဆိုးရွားခြင်း၊ သေဆုံးခြင်း တွေကြောင့် တွေ့ရပါတယ်။ အများစုကတော့ Taxi ၊ မြင်းလှည်း၊ ဆိုက်ကား၊ ထော်လာဂျီတွေနဲ့ လာရောက်ကြရတာဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာ ပြည်သူလူထုက လူနာတင်ယာဉ်လိုအပ်ကြောင်း သိလာကြတဲ့အခါမှာ ရပ်ရွာ၊ မြို့နယ်တွေမှာ ကိုယ်ထူကိုယ်ထ လူမှုရေးအသင်းတွေက လူနာတင်ယာဉ် တွေထူထောင်လာကြပါတယ်။ လူမှုရေးအသင်းတွေရဲ့ လူနာတင်ယာဉ်တွေမှာလည်းပဲ ယာဉ်လိုင်စင်နဲ့ ပတ်သက်ပြီး၊ အသင်းအဖွဲ့လိုင်စင်နဲ့ပတ်သက်ပြီး လူနာပြုစုကုသခြင်း အတတ်ပညာနဲ့ပတ်သက်ပြီး အခက်အခဲတွေရှိနေတော့ အောင်မြင်သင့်သလောက် မအောင်မြင်ကြောင်းလည်းတွေ့ရပါတယ်။ ၁၉၉၅ ခုနှစ်မှာ မန္တလေးဆေးရုံကြီး အခြေပြုထူထောင်ခဲ့ဖူးတဲ့ လူနာတင်ယာဉ်အဖွဲ့လည်းပဲ အကြောင်း အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ကြောင်းလည်းသိခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ယခင်အစိုးရ လက်ထက်မှာ ရေဒီယိုဆက်သွယ်ရေးစနစ်ကို ခွင့်မပြုခဲ့ကြောင်း သိရတဲ့အတွက်ကြောင့် အရေးပေါ် လုပ်ငန်းများမှာ အရေးကြီးဆုံးဖြစ်တဲ့ ဆက်သွယ်ရေး Communication System ဆုံးရှုံးခဲ့ကြောင်း လည်းပဲတွေ့ရှိခဲ့ရပါတယ်။ လူနာတင်ယာဉ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အရေးပေါ်လူနာများအား လမ်း၊ အိမ်၊ အဆောက်အဦတစ်ခုမှ ဆေးရုံ သို့မဟုတ် ဆေးခန်း သို့မဟုတ် ဆေးကုသမှုပေးနိုင်သောနေရာ သို့ပို့ဆောင်ပေးရန် အထူးပြုပြင်ထားသော သို့မဟုတ် ဆေးဝါးကိရိယာများတပ်ဆင်ထားသော မော်တော်ယာဉ်၊ ရေယာဉ် သို့မဟုတ် လေယာဉ်ဟု ကျွန်တော်တို့မှတ်သားထားရှိပြီးဖြစ်ပါတယ်။ ထို့ကြောင့်မို့လို့ လူနာတင်ယာဉ်စံနှုန်းသတ်မှတ်ရေးသည် အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ လူနာ တင်ယာဉ်အများအပြားရှိပါတယ်။ ရန်ကုန်၊ မန္တလေးမှာရှိတဲ့ ဆရာဝန်အသင်းပိုင်၊ ကြက်ခြေနီ အသင်းပိုင်၊ နာရေးကူညီမှုအသင်းပိုင်၊ လူနာတင်ယာဉ်အုပ်စုတွေမှာရှိတဲ့ ယာဉ်တွေ၊ ရပ်ရွာပိုင်၊ ဆရာ တော်ပိုင်၊ ပုဂ္ဂလိကပိုင်ယာဉ်များလည်း ရှိကြပါတယ်။ နိုင်ငံတော်ပိုင်အပိုင်းကတော့ ဆေးရုံကြီးများပိုင် လူနာတင်ယာဉ်များစွာလည်းရှိကြပါတယ်။ အဆိုပါလူနာတင်ယာဉ်တွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆက်စပ်မှု မရှိဘဲနဲ့ စံစနစ်မရှိတဲ့အတွက်ကြောင့် ထိရောက်တဲ့အသက်ကယ်လုပ်ငန်းတွေ မလုပ်နိုင်ကြောင်းလည်း တွေ့ရပါတယ်။ အလားတူပင်လူနာတင်ယာဉ်မှာ တာဝန်ထမ်းဆောင်ကြတဲ့ စေတနာ့ဝန်ထမ်းတွေ၊ အစိုး ရပိုင်လူနာတင်ယာဉ်တွေမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေရဲ့ အရည်အချင်းသတ်မှတ်ရေး၊ အရည်အချင်းပြည့်မီအောင်ကူညီရေး၊ သင်ကြားရေး၊ လုပ်ငန်းလိုင်စင်ထုတ်ပေးရေး၊ အရေးပေါ် ဆေးကုသမှုပြုလုပ်တဲ့ ဆရာဝန်၊ သူနာပြုနှင့် အခြားအဆင့် ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ပိုင်ခွင့်၊ ကာကွယ်ခွင့်တွေအတွက်လည်းပဲ ဥပဒေလိုအပ်ကြောင်းတွေ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ

ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေလိုပဲ လူနာတင်ယာဉ်တပ်ဖွဲ့ဟာလည်းပဲ တစ်ပြေးတည်းထူထောင်ကြတာတွေ့ရပါတယ်။ အရေးပေါ်အဖွဲ့ဆိုသည်မှာ ဒီအဖွဲ့သုံးဖွဲ့ ပူးတွဲတာဝန်ထမ်းဆောင်ကြရမှာ ဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ ရဲတပ်ဖွဲ့နဲ့ မီးသတ်သတ်ဖွဲ့တွေရှိပြီးတော့ လူနာတင်ယာဉ်တပ်ဖွဲ့မရှိခြင်းဟာ ကိုလိုနီခေတ်ကတည်းက အားနည်းချက်လို့ထင်ပါတယ်။ အမေရိကားမှာ လူနာတင်ယာဉ်ကိုခေါ်ရင် ၁၀ မိနစ်၊ ဂျပန်မှာ ၇ မိနစ်အတွင်းရောက်ရန်စီမံကြပေမယ့် မြန်မာနိုင်ငံမှာတော့ လူနာတင်ယာဉ်စနစ်ကို မရှိသေးတဲ့အတွက်ကြောင့် ခေတ်မီတိုးတက်တဲ့ နိုင်ငံသစ်ကိုထူထောင်နေတဲ့အချိန်မှာ လူနာတင်ယာဉ်စနစ်ထူထောင်ရေးဟာ လိုအပ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးငှာ အောက်ပါမေးခွန်းကိုမေးမြန်းခြင်းဖြစ်ပါတယ်-

ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာနိုင်ငံအရေးပေါ်ဆေးကုသမှုနှင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးလုပ်ငန်းများနှင့်ဆက်စပ်သော လူနာတင်ယာဉ်အပေါ်တွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ အခွင့်အရေးနှင့် ကာကွယ်ခွင့်များပါဝင်သော (Emergency Medical Service System) သို့မဟုတ် EMS Law ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ အရေးပေါ်လူနာတင်ယာဉ်စနစ်တစ်ခုထူထောင်ရာမှာ လူနာတင်ယာဉ်သာမက အဆိုပါလူနာတင်ယာဉ်တွင်လိုက်ပါမည့် ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ကျွမ်းကျင်နှင့် ကြက်ခြေနီများကပါ ဆေးရုံမရောက်မီ အရေးပေါ်ကုသမှုဆေးပညာနှင့်ပတ်သက်၍ တတ်ကျွမ်းနားလည်ရန်လိုအပ်ပါတယ်။ မြန်မာနိုင်ငံတွင် ဆေးရုံမရောက်မီ

အရေးပေါ်လူနာတင်ယာဉ်စနစ် ဖော်ဆောင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစီမံချက်များရေးဆွဲ၍ ၂၀၁၁ ခုနှစ်မှစတင်ကာ အဆင့်အလိုက်အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအဆင့်(၁)အနေဖြင့် အရေးပေါ်ကုသမှု ဆေးပညာဒီပလိုမာသင်တန်းကို ဆေးပညာ၊ ကလေးရောဂါပညာ၊ အရိုးနှင့်မေ့ဆေးရောဂါပညာ ဘွဲ့လွန်ရရှိပြီးသူ သင်တန်းသူ/ သင်တန်းသား ၁၈ ဦးအား ၂၀၁၂ ခုနှစ် ဇွန်လမှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုအခါ သင်တန်းပြီးဆုံးပြီဖြစ်ပါတယ်။ အရေးပေါ်လူနာတင်ယာဉ်စနစ်နှင့် တွဲဖက်ဆောင်ရွက်နိုင်ရန် အရေး ပေါ်ကုသမှုဆေးပညာဌာနတစ်ခုအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ရန်အတွက် စီစဉ်ဆောင် ရွက်ပြီးဖြစ်ပါတယ်။ အလားတူပင် အရေးပေါ်ဆေးကုသမှုဘာသာရပ်နှင့်စပ်လျဉ်း၍ သင်ကြားရေး ဆိုင်ရာ Training Center တစ်ခုကိုလည်း ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ရေးအတွက် ဆောလျင်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်၍ သူနာပြုများ၊ဆေးဘက်ကျွမ်းကျင်များနှင့် ကြက်ခြေနီ များကို အရေးပေါ်ကုသမှုဆေးပညာဆိုင်ရာသင်တန်းများဖြင့် ဖွင့်လှစ်သင်ကြားပေးသွားရန်လည်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ယခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစတင်၍ Hot Line နံပါတ် (၁၉၂) ကိုအသုံးပြု၍ အရေးပေါ်ကုသမှုဆေးပညာ လေ့ကျင့်သင်ကြားပေးထားသော ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ကျွမ်းကျင်၊ ကြက်ခြေနီနှင့် လူနာတင် ယာဉ်များကို အသုံးပြု၍ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပုသိမ်မြို့များတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လေ့ကျင့်ထားရှိပြီးလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကအစီအစဉ်၊ အသင်းအဖွဲ့အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိ သောလူနာတင်ယာဉ်လုပ်ငန်းများကို တစ်ပြေးညီဖြစ်စေရေးအတွက် လူနာတင်ယာဉ်စနစ်ထူထောင် နိုင်ရန် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ၂၀၁၄ ခုနှစ် ယခုနှစ် နှစ်ဦးပိုင်းတွင် ပြုလုပ်ရန်စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးပွဲတွင် ဆောင်ရွက်လျက်ရှိသော လူနာတင်ယာဉ်လုပ်ငန်းများမှ ကိုယ်စားလှယ်များကိုဖိတ်ကြားပြီး အကြံဉာဏ်များရယူ၍ ဆွေးနွေးပွဲ၏ ရလဒ်များကိုအခြေခံကာ နိုင်ငံတော်အဆင့် အရေးပေါ်လူနာတင်ယာဉ်စနစ်ကို ထူထောင်နိုင်မှာဖြစ်ပါ တယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အရေးပေါ်ကုသမှုနှင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးအစီအစဉ်နှင့် လူနာတင်ယာဉ် အပေါ် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ၏ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များနှင့်ပတ်သက်၍ သီးခြားထုတ်ပြန်ထားရှိပြီးသား မရှိသေးသော်လည်း သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်နေသူများအား သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုပုဒ်မ ၃၅ အရ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာနအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ မည်သည့်တရား ရုံးတွင်မျှ တရားစွဲအရေးယူခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိထားပါကြောင်း ရှိသေစွာဖြင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**မြို့နယ်ဆရာဝန်ကြီးများနှင့် ကျန်းမာရေးမှူးများအား ရာထူးတိုးမြှင့်ခန့်ထားပေးရန်နှင့် ကျန်းမာရေးမှူး ကောင်စီဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြို့နယ်ဆရာဝန်ကြီးများနဲ့ ကျန်းမာရေးမှူးများအား ရာထူးခန့်ထားပေးနိုင်ရေးနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ပြင်ပ လူနာဌာနတွင်လာရောက်ပြသသောလူနာများအား ဆေးဝါးကုသပေးခြင်း၊ ဆေးရုံတက်လူနာများအား ဆေးဝါးကုသပေးခြင်း၊ မီးဖွားသည့်လူနာများအား မီးဖွားပေးရခြင်း၊ ခွဲစိတ်လူနာများအား ခွဲစိတ်ပေး ရခြင်း စသည်ဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် အထက်အဆင့်လွှဲပြောင်းပေးခြင်းစီမံချက်၊ ဆေးရုံလုပ်ငန်းစီမံချက်များကို နေ့စဉ်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရပါတယ်။ မိခင်နှင့်

ကလေးများအတွက် ကိုယ်ဝန်ဆောင်မိခင်များအား မီးမဖွားမီ၊ မီးဖွားစဉ်၊ မီးဖွားပြီးဆိုပြီး အဆင့်သုံးဆင့်ဖြင့် စောင့်ရှောက်ပေးရပါတယ်။ မိသားစုကျန်းမာရေးစီမံချက်၊ အာဟာရဖွံ့ဖြိုးရေးစီမံချက်၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ဆိုပြီး စီမံချက်ချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရပါတယ်။ စောင့်ကြပ်ကြည့်ရှုရတဲ့ရောဂါများအတွက် ရောဂါနှိမ်နင်းရေးစီမံချက်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်၊ နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၊ ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်နှင့် ဖွား/သေစာရင်းများကို နေ့စဉ်၊ လစဉ်ဆောင်ရွက်ပေးနေကြရပါတယ်။ ထို့အပြင် သုံးလတစ်ကြိမ် အာဟာရဖွံ့ဖြိုးရေးစီမံချက်၊ ကျောင်းကျန်းမာရေးစီမံချက်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက်၊ နားလေးရောဂါကာကွယ်ရေးစီမံချက်၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများ၊ AIDS ရောဂါတိုက်ဖျက်ရေးနှင့်ကာကွယ်ရေးစီမံချက်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်၊ တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက်၊ ပညာရေး၊ ကျန်းမာရေးပညာဆိုင်ရာစီမံချက် စသည်ဖြင့် WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ကျန်းမာရေးကို ကမ္ဘာ့နိုင်ငံများနှင့်အဆင့်အတန်းမီနိုင်အောင် စီမံကိန်းအမျိုးမျိုး၊ စီမံချက်အမျိုးမျိုးချမှတ်ပြီး နေ့မအား ညမနားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြရပါတယ်။ ကျန်းမာရေးမှူးများအနေဖြင့်လည်း ဆရာဝန်များမရောက်နိုင်သော ကျေးလက်ဒေသများတွင် မြို့နယ်ဆရာဝန်များရဲ့ကိုယ်စား အထက်ပါစီမံကိန်းနှင့်စီမံချက်များကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရပါတယ်။ မြို့နယ်တိုင်းတွင် အထွေထွေအုပ်ချုပ်ရေးမှူးများအား လက်ထောက်ညွှန်မှူးရာထူးဖြင့်လည်းကောင်း၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးများအားလည်း လက်ထောက်ညွှန်မှူးနဲ့အဆင့်နှင့်ညီမျှသော ပြည်သူ့ရဲတပ်ဖွဲ့မှူး များအဖြစ်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးများအားလည်း လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့်ညီမျှသော ပညာရေးမှူးများ ခန့်ထားပေးသည်ကိုတွေ့ရှိရပါတယ်။ အလုပ်အကိုင်မရှိသော ဆရာဝန်များနှင့်ကျန်းမာရေးမှူးများအား အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မြို့နယ်ဆရာဝန်ကြီးများနှင့် ကျန်းမာရေးမှူးများရဲ့ကိုယ်စား အောက်ပါမေးခွန်းကို ရိုသေစွာမေးမြန်းအပ်ပါတယ်-

မေးခွန်းနံပါတ်(က) မြို့နယ်ဆရာဝန်ကြီးများအား လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါသည်။ အစီအစဉ်ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင်စတင်ခန့်ထားပေးနိုင်မည်ကို သိရှိလိုပါတယ်။ ကျန်းမာရေးမှူးများသည်လည်း အသက်ကြီးရင့်

လာသည်အထိ ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ကြရပါသည်။ အသက်ကြီးရင့်လာသည့် အခါ မြို့ပေါ်များတွင်တာဝန်ထမ်းဆောင်လိုကြပါသည်။ သို့ပါ၍ မေးခွန်းနံပါတ်(ခ) မြို့နယ်ကျန်းမာရေးမှူးများအားလည်း ဖွဲ့စည်းပုံနှင့်အညီ ရာထူးခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုပါသည်။ အစီအစဉ်ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခန့်ထားပေးနိုင်မည်ကို သိရှိလိုပါတယ်။ မေးခွန်းနံပါတ်(ဂ) ခေတ်ပြောင်းစနစ်ပြောင်းလာပြီး ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာတာနှင့်အညီ ကျန်းမာရေးမှူးများအားလည်း ကျန်းမာရေးမှူးကောင်စီဖွဲ့စည်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများရှင်။ ရှမ်းပြည်နယ်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးရှိ ကျန်းမာရေးလုပ်ငန်းဌာနများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာနအောက်တွင် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများကို ဖွဲ့စည်းထားရှိလျက် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ခွဲဝေသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (လစာနှုန်း ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) က တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အဆင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ လုပ်ငန်းတာဝန်များကို ပိုမိုပြည့်ဝစွာဆောင်ရွက်နိုင်ရန်နှင့် အခြားဌာနများနှင့် တန်းတူဆောင်ရွက်နိုင်ရေးရည်ရွယ်လျက် လက်ရှိမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(လစာနှုန်း ၁၂၀၀၀၀) ရာထူး ၃၃၀ နေရာကို လက်ထောက်ညွှန်မှူးအဆင့်ရှိ (လစာနှုန်း ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀) ရာထူးများအဖြစ် အသစ်တီထွင်ခွင့်ပေးပါရန် အဆိုပြုချက်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့တို့ထံပေးပို့ထားရှိပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရာထူး ၃၃၀ နေရာကို

လက်ထောက်ညွှန်မှူးအဆင့်ရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရာထူးများအဖြစ်သို့ ဖွဲ့စည်းပုံခွင့်ပြု မိန့်ရပါက ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအရ မြို့နယ်ကျန်းမာရေးမှူးရာထူး ၉၂ နေရာ ရှိပါတယ်။ ခွင့်ပြုရာထူးနေရာများတွင် လက်ရှိခန့်ထားပြီးဦးရေမှာ ၇၂ ဦးနှင့် လစ်လပ်နေရာ ၂၀ ရှိပါ တယ်။ ကျန်းမာရေးမှူးအဆင့်(၁) လုပ်သက်ငါးနှစ်ပြည့်ပြီးသူများအား မြို့နယ်ကျန်းမာရေးမှူးရာထူး သို့ တိုးမြှင့်ခန့်ထားပေးနိုင်ရေးအတွက် လူတွေ့ နှုတ်ဖြေစာမေးပွဲစစ်ဆေးပြီး လစ်လပ်နေရာများတွင် ခန့်ထားပေးမည့်အစီအစဉ်ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တွင်လည်းဆောင်ရွက်ရန် အစီအစဉ်ရှိပါတယ်။ ထို့အပြင် ကျန်းမာရေးမှူးများအတွက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဆိုပါအသင်းမှ မြန်မာနိုင်ငံကျန်းမာရေးမှူး ကောင်စီဥပဒေကိုမူကြမ်းရေးဆွဲလျက်ရှိပြီး ဥပဒေပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီ အား ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ဖွဲ့စည်းပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ် ရှင့်။ (သြဘာသံများ)

**သီးနှံများပျက်စီးစေသည့် ပိုးသတ်ဆေးများ ရောင်းဖြန့်နေခြင်းအား တည်ဆဲဥပဒေများအရ အရေးယူ နိုင်မှုအခြေအနေနှင့် အရည်အသွေးမှန်ကန်သင့်လျော်သည့် ပိုးသတ်ဆေးများ ဖြန့်ဖြူးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ စိုက်ပျိုး ရေးကိုအဓိကထားဆောင်ရွက်နေရတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ ပိုးမွှားရောဂါများကျရောက်မှုကို အချိန်မီကာကွယ်နှိမ်နင်းပေးနိုင်မှသာ သီးနှံများအထွက်နှုန်းကောင်း မွန်ပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေမှာ ဖြစ်ပါတယ်။ တောင်သူများအနေနဲ့ သီးနှံစုံစိုက်ပျိုး

ထုတ်လုပ်ရာမှာ ပိုးသတ်ဆေးအမျိုးမျိုးကို ဝယ်ယူအသုံးပြုနေကြရတဲ့အတွက် နိုင်ငံအဝှမ်းမှာ ပိုးသတ်ဆေးရောင်းချတဲ့ ကုန်သည်များ၊ အရောင်းဆိုင်များ တိုးပွားမြင့်တက်လာနေတာကိုလည်းတွေ့ရှိရပါတယ်။

အရောင်းဆိုင်များမှာ နိုင်ငံပေါင်းစုံက တင်သွင်းလာကြတဲ့ ပိုးသတ်ဆေးများကို တံဆိပ်အမျိုးမျိုးနဲ့တွေ့ရှိရပြီး မြန်မာဘာသာဖြင့် ပိုးသတ်ဆေးအညွှန်းများမပါရှိတဲ့ အချို့ပိုးသတ်ဆေးများကို တောင်သူများက စျေးကြီးပေးဝယ်သုံးကြရပြီး စနစ်တကျပက်ဖျန်းအသုံးပြုရန် အခက်အခဲများကြုံတွေ့နေကြရပါတယ်။ အချို့ပိုးသတ်ဆေးများကို ပက်ဖျန်းအသုံးပြုတဲ့အခါမှာလည်း ပိုးမွှားရောဂါများကို ထိရောက်စွာမနှိမ်နင်းနိုင်ရုံမျှမက သီးနှံပင်များကိုပါ ပိုးသတ်ဆေးလောင်ကျွမ်းပျက်စီးမှုဖြစ်ပေါ်စေကြောင်းကိုလည်း တွေ့ရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ တောင်သူများ၏ အကျိုးစီးပွားမြှင့်တင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ပြီး ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်းကတော့ တောင်သူများ၏သီးနှံများ ပိုးမွှားကာကွယ်နှိမ်နင်းရာ၌ အစွမ်းသတ္တိနည်းပါး၍ သီးနှံများကို လောင်ကျွမ်းပျက်စီးစေသည့် ပိုးသတ်ဆေးများဖြန့်ဖြူးရောင်းချနေခြင်းအား တည်ဆဲဥပဒေများအရ စိစစ်အရေးယူနိုင်မှုအခြေအနေနှင့် အရည်အသွေးမှန်ကန်သင့်လျော်၍ တောင်သူများအကျိုးရှိစေမည့် ပိုးသတ်ဆေးများ ဖြန့်ဝေရောင်းချပေးရေးအတွက် ဌာနဆိုင်ရာမှ ဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများနှင့် ဆောင်ရွက်ချက်များအား ပြည်သူများသိရှိနိုင်စေရန်အတွက် ရှင်းလင်းတင်ပြပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူများအကျိုးငှာ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်သန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ သီးနှံဖျက်ပိုးများ ကာကွယ်နှိမ်နင်းရာမှာ အစွမ်းသတ္တိနည်းပါးပြီး သီးနှံများလောင်ကျွမ်းပျက်စီးစေတဲ့ ပိုးသတ်ဆေးများ ရောင်းချနေခြင်းအပေါ် စစ်ဆေးအရေးယူနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနဟာ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခဲ့ပြီး စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် ပိုးသတ်ဆေးအမျိုးမျိုးအား စနစ်တကျမှတ်ပုံတင်ပြီး ခွင့်ပြုထား ခဲ့ရာ ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်းအမျိုးအစားအနေနဲ့ ၂၄၄ မျိုး၊ ကုန်သွယ်မှုအမည်နဲ့ ၂၀၀၁ မျိုးအား ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံတကာမှာကျင့်သုံးလျက်ရှိတဲ့ ပိုးသတ်ဆေးသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မြန်မာနိုင်ငံမှာ ပိုးသတ်ဆေးအမျိုးပေါင်း ၃၉ မျိုးကို တားမြစ်ပိတ်ပင်ထားပြီး၊ ပိုးသတ်ဆေး ခုနစ်မျိုးကို အထူးကန့်သတ်သုံးစွဲရမယ့် ပိုးသတ်ဆေးများအဖြစ် ကြေညာသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ပိုးသတ်ဆေး ဥပဒေအခန်း(၁၁) ပုဒ်မ ၂၇ အရ မမှန်မကန် ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးရေးမှူးများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာမှာ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်း/ခရိုင်/မြို့နယ်အလိုက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ပိုးသတ်ဆေးလက်လီလက်ကား အရောင်း ဆိုင်ပေါင်း ၂၄၈၇ ဆိုင်မှာ အကြိမ်ပေါင်း ၁၁၈၈ ကြိမ် စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ ပိုးသတ်ဆေးမမှန် မကန် ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေ အခန်း(၁၄) ပုဒ်မ ၄၁ အရ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေပြီး ပြစ်မှု တွင် အကျုံးဝင်တဲ့ သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမှာ ဖြစ်ပါ တယ်။

ပိတ်ပင်တားမြစ်ထားတဲ့ ပိုးသတ်ဆေးများကိုလည်း တင်သွင်းမှုမရှိစေရန် စစ်ဆေးဆောင်ရွက် လျက်ရှိပါတယ်။ အရည်အသွေးမှန်ကန်သင့်လျော်ပြီး တောင်သူများအကျိုးရှိစေမယ့် ပိုးသတ်ဆေးများ ဖြန့်ဝေရောင်းချပေးရေးအတွက် ပိုးသတ်ဆေးဥပဒေ အခန်း(၄) ပုဒ်မ ၁၂ အရ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်မည့်သူများဟာ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရပါတယ်။ အဆိုပါပိုးသတ်ဆေး၏ အရည်အသွေးပါဝင်မှုကို ဓာတ်ခွဲ စမ်းသပ်စစ်ဆေးပြီး ပိုးသတ်ဆေးဥပဒေ အခန်း(၃) ပုဒ်မ ၆ အရ ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းကို

စနစ်တကျ စိစစ်ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချခြင်းကို ခွင့်ပြုပေးလျက် ရှိပါတယ်။ ပိုးသတ်ဆေးလုပ်ငန်းများနှင့်ပတ်သက်၍ ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင်၊ ပြန်လည်ထုပ်ပိုးခွင့်လိုင်စင်၊ ရောင်းချခွင့်လိုင်စင်၊ သိုလှောင်သိုနှံများ အဆိပ်ငွေ့မှိုင်းတိုက်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်များကိုလည်း ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

အရည်အသွေးမှန်ကန်သင့်လျော်ပြီး တောင်သူများအကျိုးရှိစေမယ့် ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ပိုးသတ်ဆေး၏ ထိရောက်မှုစမ်းသပ်ခြင်း၊ အရည်အသွေးစမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ မှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများအပေါ်အခြေခံပြီး ကိုင်တွယ်သုံးစွဲရာတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ သိုလှောင်ရာတွင်လည်းကောင်း၊ ရောင်းချရာတွင်လည်းကောင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် အခါအားလျော်စွာ ညွှန်ကြားချက်များကို ထုတ်ပြန်ပေးလျက်ရှိပါတယ်။ တောင်သူများအသုံးပြုတဲ့ ပိုးသတ်ဆေးနှုန်းထားနှင့် ဆေးအသုံးပြုမှုပုံစံမှန်ကန်မှုရှိစေရန်၊ ပိုးသတ်ဆေးအညွှန်းစာတမ်းအတိုင်း လိုက်နာမှုရှိစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ပညာရှင်များစေလွှတ်၍ ပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် တောင်သူလယ်သမားများ ပိုးသတ်ဆေးအတုအပ အသုံးပြုနေရခြင်းမှ ကာကွယ်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားအစီအစဉ်များ၊ အပတ်စဉ်ထုတ်လယ်ယာစီးပွားသတင်းစာစောင်များနှင့် တောင်သူလယ်သမားကဏ္ဍရုပ်သံလွှင့် အစီအစဉ်တို့မှာ ဖော်ပြပြီး နှိုးဆော်ချက်ထုတ်ပြန်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုလက်ရှိကျင့်သုံးလျက်ရှိတဲ့ ပိုးသတ်ဆေးဥပဒေဟာ ၁၉၉၀ ခုနှစ်၊ မေလ ၁၁ ရက်နေ့ကတည်းက ပြဋ္ဌာန်းဆောင်ရွက်ခဲ့တဲ့ ဥပဒေဖြစ်ခြင်းကြောင့် ခေတ်နှင့်လျော်ညီတဲ့ စစ်ဆေးအရေးယူမှုများ၊ ပြစ်မှုပြစ်ဒဏ်များ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ယခုအခါမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ပေါ်ပေါက်လာပြီဖြစ်၍ မမှန်မကန် ဆောင်ရွက်သူများကို ထိရောက်စွာအရေးယူနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ ရှေ့နေချုပ်ရုံးနှင့်ညှိနှိုင်းပြီး ပြန်လည်ပြုပြင်ရေးဆွဲကာ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက် ရယူပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးမှန်ကန်တဲ့ပိုးသတ်ဆေးများကို တောင်သူလယ်သမားများ နည်းစနစ်မှန်ကန်စွာ အကျိုးရှိစွာ စနစ်တကျ

အသုံးပြုနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရန် ပညာပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့ကို ပိုးသတ်ဆေးအန္တရာယ် ကင်းဝေးစေရေးအတွက် စဉ်ဆက်မပြတ် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်ပေါ်ဒေသရှိ ဆင်းရဲနွမ်းပါးသောတောင်သူများအတွက် တစ်မြို့နယ်လျှင် လျှော်ကားထစ်လယ်မြေ (၅၀) ဧကကို ဦးစားပေးဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင်ကိုယ်စား ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ကိုယ်စား ကချင်ပြည်နယ်ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖုံးတိန့်မှ မြေပြန့်လွင်ပြင်မရှိသောတောင်ပေါ်ဒေသရှိ ပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချပေးရေးဖြစ်တဲ့ ဝမ်းစာဖူလုံရေးအတွက် နိုင်ငံတော်အစိုးရမှ လှေကားထစ်လယ်မြေဖော်ထုတ်ပေးရန် အစီအစဉ်နဲ့ပတ်သက်တဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်ဆော့လော်နှင့် ချီဖွေဒေသသည် ယခင်အစိုးရမှလည်းလှေကားထစ်ဖော်ထုတ်မှုစီမံကိန်းတွင် အားနည်းလျက်ရှိခဲ့တဲ့ဒေသတစ်ခုလည်း ဖြစ်တယ်လို့ တွေ့ရပါတယ်။ ထိုဒေသရှိ ပြည်သူများမှာဝမ်းစာဖူလုံရေးအတွက် မြေပြန့်လွင်ပြင်မရှိ၍ နှစ်စဉ်ရွှေ့ပြောင်းတောင်ယာခုတ်ထွင် စိုက်ပျိုးသောမိရိုးဖလာဓလေ့အဖြစ် ဝမ်းစာစိုက်ပျိုးနေကြပါတယ်။ ထိုရွှေ့ပြောင်းတောင်ယာစနစ်ကို လျှော့ချရန်လှေကားထစ် စိုက်ပျိုးရေးစနစ်ဖြင့်အားပေးဖော်ဆောင်သွားရန် အဓိကလိုအပ်လျက်ရှိနေပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ပေးမှသာလျှင် သဘာဝသစ်တောပြုန်းတီးမှုကို ကာကွယ်မြှင့်တင်ပေးနိုင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုဖောက်ပြန်မှုကိုလည်းအကာအကွယ်ပြုသွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်အချက်မှာ မြေပြန့်လွင်ပြင်မရှိသော တောင်ပေါ်ဒေသတွင် လှေကားထစ်စိုက်ပျိုးရေး

လုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးနေသောတောင်သူများအား အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် တစ်မြို့နယ်လျှင် အနည်းဆုံးလှေကားထစ်လယ်ယာမြေဧက ၅၀ ကို နိုင်ငံတော်အစိုးရမှ ဦးစားပေး ဖော်ထုတ်ပေးသွားနိုင်ရန် အစီအစဉ် ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကချင် ပြည်နယ် ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်များမှာ ကုန်းမြင့်လယ်ယာစီမံကိန်းရုံး လေး ရုံးဖွင့်လှစ်၍ အဆိုပါဒေသများမှာ ကုန်းမြင့် လယ်ယာမြေဖော် ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကချင်ပြည်နယ်တွင် လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ကုန်းမြင့်လယ်ယာစီမံကိန်းရုံး ဖွင့်လှစ်ထားနိုင်ခြင်းမရှိပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီးကုန်းမြင့် လယ်ယာဖော်ထုတ်ရေး လုပ်ငန်းများဒေသ လိုအပ်ချက်နှင့်လိုက်လျောညီစွာ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါစီမံကိန်းရုံး လေး ရုံးကိုစီမံခန့် ခွဲရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်း ပေးအပ်ပြီးပြည်နယ်အစိုးရအဖွဲ့များမှ လိုအပ်သည့်ရန်ပုံငွေများ တောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)အရ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက မြေပြင်အခြေအနေနှင့် ကိုက်ညီ တဲ့စီမံချက်များရေးဆွဲခြင်း၊ လိုအပ်တဲ့ရန်ပုံငွေများတောင်းခံခြင်းအပါအဝင်လိုအပ်တဲ့ ဥပဒေပြုခွင့်များ ကိုလည်းလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာလည်းပဲ စစ်ကိုင်းတိုင်းဒေသ ကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်းနှင့် ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတို့ နှစ် ဦးမှ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ အတိုင်းမေးမြန်းခဲ့ရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စက်ယန္တရားဖြင့်ဖော်ထုတ်သည့်စရိတ်

များပြားသဖြင့် လူအင်အားဖြင့်ဖော်ထုတ်ပါကတစ်ဧက ၃.၈ သိန်းခန့်သာ ကုန်ကျမှာဖြစ်ပါတယ်။ တစ်နှစ်လျှင် တစ်ရွာ ၁၀ ဧကဖြင့် ၁၀ ရွာအတွက် ဧက ၁၀၀ ဖော်ထုတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေသို့ တိုင်းဒေသကြီးအစီအစဉ်ဖြင့် တင်ပြတောင်းခံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားရာမှာ ကချင်ပြည်နယ်တွင် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်သွားနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာရန်ပုံငွေ မပါရှိပါကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးဆောင်ပြီး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်/မြို့နယ်ခွဲများမှာကုန်းမြင့်လယ်ယာမြေဖော်ထုတ်နိုင်ရေးအတွက်လျာထားပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့ပါတယ်။

မြေပြန့်လွင်ပြင်မရှိတဲ့ တောင်ပေါ်ဒေသများရှိ ဆင်းရဲနွမ်းပါးတဲ့ တောင်သူများအနေဖြင့် လှေကားထစ်လယ်ယာဖော်ထုတ်ရေးမှာ အမှန်လိုအပ်လျက်ဖြစ်ပါသောကြောင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ဒေသ၏ ပကတိအခြေအနေအရ အမှန်လိုအပ်ချက်အပေါ် ကွင်းဆင်းစိစစ်ပြီး သင့်လျော်တဲ့စီမံချက်များရေးဆွဲကာ ပြည်နယ်ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်နိုင်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်တဲ့နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးကော်မတီက တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သက်ဆိုင်သည့်ကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော် (ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းပေးပါရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်က တင်သွင်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လွှတ်တော်မှလက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည်ဖြစ်၍ တိုင်းရင်းသားလူမျိုးများအားလုံးသည် တန်းတူညီမျှ အခွင့်အရေးများရရှိရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ပြီး ချစ်ခင်ရင်းနှီးစွာဖြင့် အချင်းချင်းရိုင်းပင်းကူညီစွာထာဝစဉ်အတူတကွနေထိုင်နိုင်ရန်အတွက် ဤတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြဋ္ဌာန်းရန်အတွက် အထူးလိုအပ်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ခေတ်အဆက်ဆက်အုပ်ချုပ်ရေးကာလများမှာ နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ဖော်ပြခဲ့သော်လည်း သီးခြားဥပဒေအဖြစ်ပြဋ္ဌာန်းပြီး တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုမရှိခြင်းကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ဆောင်ရာမှာ အားနည်းမှုများရှိခဲ့ရပါတယ်။ ယနေ့ကာလတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ပတ်သက်သည့်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအပေါ် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ ရေရှည်ရှင်သန်မှုသည် ယင်းတိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းနိုင်မှုအပေါ်တွင် များစွာမူတည်လျက်ရှိပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကိုဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊

စောင့်ရှောက်ခြင်းနှင့် ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

ထို့အပြင် တိုးတက်မှု၊ ဖွံ့ဖြိုးမှုနှောင့်နှေးနေသေးသည့် တိုင်းရင်းသားလူမျိုးများရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း နယ်မြေဒေသအလိုက် တိုင်းရင်းသားများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးများအပါအဝင် ဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများအားလုံးကို လိုအပ်သလို ပေါင်းစပ်ချိတ်ဆက်ပေးရမည့် အဓိကတာဝန်ယူဆောင်ရွက်ပေးရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုကိုလည်း မလွဲမသွေလိုအပ်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ကြေညာစာတမ်းများနှင့်လည်းကောင်း ညီညွတ်မှုရှိစေရန်အလေးထားပြီး ညှိနှိုင်းတိုင်ပင်သင့်သည့်အဖွဲ့အစည်းများနှင့် တိုင်ပင်ကာ ရေးဆွဲထားသည့် ဤတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာဖြင့် တင်သွင်းအပ်ပါသည်ခင်ဗျား။ (သြဘာသံများ)

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်

မွန်ပြည်နယ်၊ ဘီလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်အစီရင်ခံတင်ပြမှာဖြစ်ပါတယ်-

၁။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်မှုကော်မတီက တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအား ၁၁-၁၁-၂၀၁၃ ရက်နေ့၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြပါသည်။

၂။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် တင်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ တိုင်းရင်းသားလူမျိုးများအားလုံးသည် တန်းတူညီမျှမှုအခွင့်အရေးများရရှိစေရန်။

(ခ) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ပြီး ချစ်ကြည်ရင်းနှီးမှုဖြင့် အချင်းချင်းရိုင်းပင်းကူညီကာ ထာဝစဉ် အတူတကွလက်တွဲနေထိုင်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်။

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်။

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်။

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန် ရည်ရွယ်ပါသည်။

၃။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၆-၈-၂၀၁၃ ရက်နေ့တွင် လွှတ်တော်ဝင်း သဘင်ဆောင်၌ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ပဏာမတွေ့ဆုံရှင်းလင်းခြင်း နှင့် Federal အကြောင်းစာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ၂၆-၈-၂၀၁၃ ရက်နေ့နှင့် ၂၇-၈-၂၀၁၃ ရက် နေ့တို့တွင် လွှတ်တော်ရုံး ရုံးအမှတ်(၂၀)နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတို့၌ သမ္မတရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားပါတီကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်လာသည့် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၄။ ထို့အပြင် ၁၃-၉-၂၀၁၃ ရက်နေ့တွင် ဇမ္ဗူသီရိခန်းမ၌ တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေချုပ်များတက်ရောက်ခဲ့ကြပါ သည်။ ယင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သင့်လျော်သလို စိစစ်တည်းဖြတ်၍ ပြန်လည်တင်ပြရန် တာဝန်ပေးအပ်ခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေကြမ်းကို လေ့လာစိစစ် ပြီးဖြည့်စွက်အကြံပြုပြင်ဆင်ပေးခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၈-၁-၂၀၁၄ ရက်နေ့တွင် တိုင်းရင်းသားလူမျိုး များ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ စိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ယင်းဥပဒေကြမ်းတွင် အခန်း ၉ ခန်းနှင့် ပုဒ်မပေါင်း ၃၀ ခုပါရှိပါသည်။

(ခ) ဥပဒေကြမ်းခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အား ၂၀၁၄ ခုနှစ်ဟု ပြင်ဆင်ခဲ့ပါသည်။

(ဂ) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၄) ဖြစ်သည့် မြန်မာနိုင်ငံသားဥပဒေ အခန်း(၂) ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်အား မှီးငြမ်း၍ တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် မျိုးနွယ်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်ဟုပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအားလွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်နှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

## ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ ဦးစောလှထွန်းအားဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက် ၃ ရပ်ကို တင်ပြလိုပါတယ်။ အဲဒီအချက်များကတော့ ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့မဲဆန္ဒနယ်မြေရှိ ပြည်သူများအား ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုရယူပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျမျှတစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါတယ်။ တတိယအချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏အကျိုးအတွက် မြို့နယ်အလိုက်သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက် ၃ ရပ်ဖြစ်ပါတယ်။ ရည်ရွယ်ချက် ၃ ရပ်ပေါ်မူတည်ပြီးတော့ ဤဥပဒေကြမ်းတင်သွင်းရခြင်းနှင့်စပ်လျဉ်းပြီးတော့လည်း ကျိုးကြောင်းကို ကျွန်တော့်အနေနဲ့ဆက်လက်တင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်လျက်ရှိနေကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကလည်း ဥပဒေပြုရေးတာဝန်အပြင် မိမိတို့မဲဆန္ဒနယ်မြေအသီးသီးရှိ ပြည်သူတို့၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အားထုတ်ကြိုးပမ်းလျက်ရှိနေကြပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့အကျိုးကို လက်တွေ့နယ်မြေကွင်းဆင်းဆောင်ရွက်ကြရာတွင် ပြည်သူတို့ရဲ့လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုအပ်တယ်ဆိုတာလည်းတွေ့ရပါတယ်။ ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်အပြင် မဖြစ်မနေ လတ်တလောဆောင်ရွက်ပေးရမယ့်လုပ်ငန်းများကိုလည်း တွေ့ရှိခဲ့ကြရပါတယ်။ ပြည်သူတို့၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။ နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာမှာ အမျိုးသားစီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီးများက ဒေသန္တရစီမံကိန်းလုပ်ငန်းများဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကတော့ ယင်းလုပ်ငန်းများမှာ ပါဝင်ခြင်းမရှိဘဲ ကျန်ရစ်တဲ့ကျန်နေတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ဥပမာအားဖြင့် လမ်းများ၊ တံတားများ ကျွန်တော်တို့ လမ်းလေးမကောင်းတာ တံတားလေးကျိုးနေတာ၊ ပဲ့နေတာ၊ ကျောင်းလေး မိုးမလုံတာ ကျွန်တော်တို့ ခြံစည်းရိုးတွေ ယိုင်နဲ့နေတာ ဒါလေးတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ နယ်မြေကွင်းဆင်းရင်းတွေ့ရှိတဲ့အခါမှာ ချက်ချင်းပြင်ပေးနိုင်ဖို့ ကျွန်တော်တို့မှာ ဘာမှမရှိပါဘူး။ ဒါလေးတွေပြင်ပေးနိုင်ဖို့အတွက် ပြည်သူများကတင်ပြလာတဲ့အချိန်မှာ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့တင်ပြပေးပါမယ်၊ ဆောင်ရွက်ပေးပါမယ်နဲ့သာ ကျွန်တော်တို့ကာလများကို ကျော်လွှန်ခဲ့ရပါတယ်။ တကယ့်ပြည်သူများကတော့ ကျွန်တော်တို့ကို အားကိုးတကြီးနဲ့တင်ပြချက်ကို ကျွန်တော်တို့ဟာ လက်တွေ့ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးခြင်းဟာလည်း ဒါအလျဉ်းသင့်လို့တင်ပြရမယ်ဆိုရင် အုပ်ချုပ်ရေးစီမံဆောင်ရွက်မှု လုပ်ငန်းများကို စွက်ဖက်တာမဟုတ်ဘဲနဲ့ ပြည်သူများရဲ့ လိုအပ်ချက်ကို ဆောင်ရွက်နိုင်ခြင်းပဲဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများမှာ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ဖို့ ထည့်သွင်းပြဋ္ဌာန်းခဲ့ကြပါတယ်။ အလားတူပဲ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းမှာ ထည့်သွင်းအတည်ပြုခဲ့ကြပြီးလည်းဖြစ်ပါတယ်။ ဒါကိုလည်း

နိုင်ငံတော်သမ္မတကြီးဟာ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ စာစောကတင်ပြသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးဟာ မိမိတို့မဲဆန္ဒနယ်မြေအတွင်းဆောင်ရွက်တဲ့ အခါမှာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ လတ်တလောမဖြစ်မနေလုပ်ပေးရမယ့် လိုအပ်ချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ဆိုပြီးတော့ ဒါကျွန်တော်တို့ တင်ပြပါတယ်။ ယင်းတင်ပြချက်များအပေါ် အခြေခံ ပြီးတော့ ပြည်ထောင်စုလွှတ်တော်နာယကကြီးကနေပြီးတော့မှ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရန် လုပ်ထုံးလုပ်နည်းကို အမိန့်ကြော်ငြာစာနှင့်ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒါထုတ်ပြန်ကြေညာပေး တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများနှင့်တိုင်ပင်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်မယ့်လုပ်ငန်းများကို ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြကြပါ တယ်။ တင်ပြချက်များအပေါ် အချို့သောမြို့နယ်များမှာဆိုရင် လုပ်ငန်းများလည်း စတင်ဆောင်ရွက် နေကြပြီဖြစ်ပါတယ်။ ဒီလိုဆောင် ရွက်ကြတဲ့လုပ်ငန်းများဟာ တစ်နှစ်၊ နှစ်နှစ်နဲ့ ပြီးမယ့်လုပ်ငန်းများ မဟုတ်ပါဘူး။ အစဉ်သဖြင့် နှစ်တိုင်း ပြည်သူရဲ့လိုအပ်ချက်များကို ကျွန်တော်တို့ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ်ပြီးလို့ နောက်နှစ်ပြီးသွားမယ်။ နောက်နှစ်ပြီးမယ်မဟုတ်ဘဲနဲ့ အစဉ်အမြဲဆောင်ရွက်ပေးရမယ့် လုပ်ငန်းဖြစ်တဲ့အပြင် ဒီဆောင်ရွက်တဲ့လုပ်ငန်းများဟာလည်း ဥပဒေ နှင့်ညီညွတ်ဖို့လိုပါတယ်။ အဲဒီလို ဥပဒေနှင့်ညီညွတ်ဖို့လိုရင်တော့ ဥပဒေရေးဆွဲပြဋ္ဌာန်းမှဖြစ်မှာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လမ်းညွှန်မှုအဆင့်ဆင့်ကိုခံယူပြီးတော့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီကနေ ကြိုးပမ်းအားထုတ်ပြီးတော့ ဒီဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။ ဒီလို ရေးဆွဲတင်ပြရတဲ့အပေါ်မှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေး ပေးပါရန်နှင့် အကြံပြုချက်များကိုလည်း ကြိုတင်ပေးပို့ပါက ပိုမိုပြီးတော့ မြန်ဆန်မယ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစောလှထွန်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ဖြစ်ပါတယ်။ ချောင်းဦးမဲဆန္ဒနယ်က ဦးစောလှထွန်း တင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းဟာ ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့ရဲ့လိုအပ်ချက်များကို အထိုက်

အလျောက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ မျှတစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက် လွှတ်တော်က ဥပဒေကြမ်းကို လက်ခံဆွေးနွေးပေးနိုင်ပါရန် ဦးစောလှထွန်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစီအစဉ် ပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၃၅ နာရီအချိန်တွင်ရပ်နားပါသည်။]